mgyoe.com

# သံလမ်းမဲ့ ရထား

ဝရေရော်ကိုင်



mgyoe.com

ဒုတိယအကြိမ်

mgyoe.com



သံလမ်းမဲ့ရထား

ဇေယျာကိုင်

ISBN9789997119940
POEM93
9 789997 119940
2,000.00KS

mgyoe.com

သံလမ်းမဲ့ရထား။ နေဇော်နိုင်
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - မှတ်သုံ
စာမျက်နှာ ၁၀၁ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၅၊ အားမာန်သစ်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– ခရီးသည်မှတ်တမ်း ၁

– မျှော်စင် (မောင်အောင်ပွင့်ရဲ့ အမှာစာ) ၃

* သံလမ်းမဲ့ရထား ၆

– အိပ်မက် (အောင်ဝေးရဲ့ အမှာစာ) ၆၅


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ခရီးသည်မှတ်တမ်း

သံလမ်းမဲ့ ရထားနှင့် လိုက်ပါစီးနင်းခဲ့ကြသော ဦးမြတ်စု၊ မောင်အောင်ပွင့်၊ အောင်ဝေး၊ ကျော်ဝဏ္ဏ၊ ကိုအောင်ကြင် (ပန်းအိစံ)၊ ပန်းချီမောင်နိုး၊ ခင်မောင်မြင့်၊ မောင်နိုင်အေး (စမ်းချောင်း)၊ ပူစူးတို့နှင့် ခွန်ဂျာမှိုင်း (အားမာန်သစ်စာပေ) တို့အား အထူးကျေးဇူးတင်ရှိပါသည်။

နေဇော်နိုင်

၂၄၊ ၁၀၊ ၉၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မျှော်စင်

(မောင်အောင်ပွင့်ရဲ့ အမှာစာ)

လေထန်ကုန်း ဓမ္မာရုံရှေ့မှာ ကျွန်တော်တို့ စကားကောင်းနေကြတုန်း

"လက်ဖက်ရည်ဆိုင်မှာ
မျက်နှာချင်းထိလုလု
တို့တွေထိုင်ကြတယ်"

လက်ယာဘက်နားနားမှာ ကဗျာရွတ်ဆိုသံတိုးတိုးလေး ကြားလာရတယ်။ သိလိုက်ပြီ၊ နေဇော်နိုင်ဆိုတာ၊ လှည့်ကြည့်လိုက်တော့ ခုံပုလေးချပြီး ကိုယ်ချင်းထိကပ်ထိုင်ရင်း ကျွန်တော့်ကဗျာတစ်ပိုဒ်ကို ဆက်ရွတ်နေပြန်တယ်။

"တစ်ခါတလေဝိုင်းကျပ်
လူချင်းထိကပ်

mgyoe.com

mgyoe.com



သူ့ပခုံးသားထဲ ကိုယ့်ပခုံးဝင်
ကိုယ့်ပခုံးသားထဲ သူ့ပခုံးဝင်နဲ့"

ကျွန်တော် သူ့ဘက်ကို အနည်းငယ် စောင်းလှည့်လိုက်တယ်။ ခုတလော မတွေ့ဖြစ်လို့ သူဘာတွေလုပ်နေသလဲ၊ စာရေးဖြစ်လားမေးတော့ သူ့ လွယ်အိတ်ထဲက ထုတ်ပေးတယ်။ ကဗျာချစ်သူ တစ်ဦးရဲ့ ကောင်းမှုနဲ့ ထုတ်ဝေဖို့စိစစ်ရေးကို စာမူတင်ထားပြီး၊ အမှာမဟုတ်တဲ့ ကျွန်တော့်ခံစားမှု တစ်ခုခုရေးနိုင်ရင် ရေးပေးဖို့၊ သူအတင်းတောင်းဆိုတာ မဟုတ်ဘူး။ ညင်သာတယ်။

ကွန်ကရစ်ချောက်ထဲမှာ ကျွန်တော်တို့ ထိုင်နေကြရတာ။ ကျွန်တော်တို့ ဦးခေါင်းပေါ်က ကောင်းကင်ကိုပဲ မော့မော့ကြည့်နေကြရတယ်။ အုံ့ဆိုင်းမှိုင်းမှုန်လို့၊ ရင်ထဲလေးလံနေတော့တယ်။

"ရထားရေ...
ငါ့ကို သယ်သွားပါတော့"

ဒီလိုနဲ့ နေဇော်နိုင်ရဲ့ သံလမ်းမဲ့ရထားပေါ် ကျွန်တော်ပါရောက်နေပြန်ရော၊ စိတ်မချမ်းမြေ့စရာတွေနဲ့ပဲ ထပ်ထပ်တိုးနေပြန်ပါပြီ။ ဒီလူတစ်ယောက်က သူ့ရာဘာဖိနပ် ဖနောင့်နေရာမှာ ပါးပေါက်နေတာပြလို့ ကူစဉ်းစားနေတုန်း ရှေ့က ချိုင်းထောက်နဲ့ လာနေတဲ့ လူမှာ ဖိနပ်စီးစရာ ခြေထောက်တစ်ဖက် ပါမလာဘူး။ ငါကိုယ်တိုင်ကတော့ လက်ဖက်ရည်မှာလေလို့ မင်းကို ရဲရဲမပြောနိုင်ဘူး နေဇော်နိုင်။

ကဗျာဆိုတာ ပရိသတ်ကို နှစ်သက်ခြင်းဖြစ်စေတယ်။ အဲဒီနှစ်သက်ခြင်းဂယက်နဲ့ ဘဝအသိကို ပေးတယ်။ အကျိုးပြုတယ်။ ဒီသဘော

mgyoe.com

mgyoe.com


ဆရာဇော်ဂျီပြောခဲ့တယ်။ ကဗျာဆိုတာ ကြည်နူးမှုနဲ့စပြီး အသိဉာဏ်မှာ ဆုံးရတယ်။ အမေရိကန်ကဗျာဆရာကြီး ရောဘတ်ဖရော့စ်ကလည်း ဒီလိုပြောခဲ့တယ်။

နေဇော်နိုင် မင့်ကဗျာရှည်ကိုဖတ်နေရတာ ဟိန်းဟိန်းထတောက်လောင်နေတဲ့ မီးညွန့် မီးတောက်တွေကို ငါကြည်နူးတတ်ရင် ကောင်းမယ်။ အပူဟပ်တယ်ကွာ။ ဗန်းမော် တစ်ဖက်ကမ်းက မင့်ဇာတိ 'မန်မလင်း'ရွာကလေး မီးထဲမှာ၊ မင့်အမေ မီးထဲမှာ၊ မင့်အဖေ၊ မင့်ညီလေးတွေ၊ မင့်ချစ်သူတွေ၊ ဆရာမရဲ့ တပည့်လေးတွေ၊ မင်း မီးထဲမှာ မီးထဲမှာကွယ်။ လက်စသတ်တော့ လောင်ကျွမ်းတဲ့ပွဲကြီးကို ငါ့ခေါ်ပြတာကိုးကွ။ ငါ ငိုချင်လာတယ် နေဇော်နိုင်။

"တကယ်တော့ ငါ့အမေဟာ
သူ့ကိုယ်ကျင့်တရားတွေကို
ခြင်ထောင်ထဲ ဝင်ပြီး
အချိုမှုန့်လို ထုပ်
အရောင်းအဝယ် လုပ်နေတာလေ"

မိုးဖွားလေးတွေ တဖွဲဖွဲကျလာတယ်။ စာရွက်ပေါ်မှာ မိုးစက်ကလေးတွေ ပိုပိုပွင့်ကားသွားတယ်။ ကျွန်တော့်မျက်လုံးတွေ မှုန်ဝါးလာလို့ မိုးပေါ်အကြာကြီးမော့ကြည့်ပစ်ရတယ်။

"နောက်တော့
ကျောက်ဆည် ကျောက်ထုစခန်းမှာ
(ငါးနှစ်တိတိ)

mgyoe.com

mgyoe.com


အမှန်တရားကို ထုခွဲရှာဖွေဖို့
အမေ ရောက်သွားတော့တယ်"

နေဇော်နိုင်နဲ့ ကျွန်တော် ပုသိမ်မှာ စတွေ့ခဲ့ကြခင်မင်ရင်းနှီးကြတဲ့ ရုပ်ပုံကားချပ်တွေ။ တစ်ညနေ သူကျွန်တော့်အိမ် ရောက်လာတယ်။ သူ မြောက်ဖျားတောင်တန်းပြာတွေဆီ သွားရမယ်တဲ့။ သူ့လည်ပင်းမှာ ထဘီစလေး။ နှုတ်ဆက် ညစာနောက်ဆုံးညစာ သူ့အတွက်မဖြစ်ပါစေနဲ့။ ကျွန်တော့် အမျိုးသမီးကတော့ ဒီမိဝေးဖဝေး ကောင်ကလေးကို မကြာခဏ တမ်းတတွေးတော ပူပန်နေရဲ့။ သူ့သတင်းမကြားရတာ နှစ်ချီခဲ့ပြီးမှ...

"မိမိကိုယ်မိမိ
ယုံကြည်လို့ရရင်
ယုံကြည်ခြင်းဟာ
ခရီးအစစ်တွေဆီ သွားဖို့
ခြေထောက်တွေကို လမ်းပြလိမ့်မယ်"

တော်ပါသေးရဲ့၊ အခုမှ သူ့အတွက် စိတ်အေးရတော့တယ်။

"ဦးခေါင်းထဲ
ချုံပုတ်တစ်ခု ရှိရင်
ဒုက္ခပေးတတ်တဲ့ သတ္တဝါတွေ
ပုန်းခိုတတ်တာပဲလေ"

mgyoe.com

mgyoe.com


သူ နေဇော်နိုင် လမ်းဘေးဈေးသည်၊ ရုပ်ရှင်ကြော်ငြာသူ၊ ဖိနပ်သဲကြိုး အလုပ်သမား၊ ကျောပိုးအိတ်ခရီးသည် ကားဂိတ်မှူး၊ မဂ္ဂဇင်းတောက်တိုမယ်ရ၊ ဘီလိယက်ခုံကဒိုင်၊ ကဗျာဆရာ ပေါက်စ၊ ဗွီဒီယိုမှတ်တမ်းတင်၊ ဇာတ်ညွှန်း။ မတည်ငြိမ်ရှုပ်ထွေးလိုက်ပုံတော့။ သူ့ဘဝချုံ့ပုတ်ကိုသူ ရှင်းလင်းခဲ့ပြီ။ 'သံလမ်းမဲ့ရထားဟာ ငါဖြစ်တယ်'လို့ သူကြွေးကြော်နိုင်ခဲ့ပြီ။

သူ့ဘဝ ချုံ့ပုတ်ကို ရှင်းပြီးတဲ့နောက် သောနုတ္ထိုရ်စောင့်တဲ့ တောအုပ်ကိုကော မင့် 'သံလမ်းမဲ့ရထား'ဟာ တောအုပ်ကိုကျော် မျှော်စင်ထိုးလိုက်တာပဲ မဟုတ်လား နေဇော်နိုင်။

မောင်အောင်ပွင့်

၁၈–၆–၁၉၉၄။

mgyoe.com

mgyoe.com

mgyoe.com


mgyoe.com

# သံလမ်းမဲ့ရထား
# ဇေဇောမှိုင်

ကဗျာရှည်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


အတိတ်ဟာ
မေ့ပြီး မသုံးဘဲ ထားထား
ဒါမှမဟုတ်
မုန်းပြီး လွှင့်ပစ် ထားထား
အသွားထက်နေတဲ့ ဓားတစ်လက်ပါပဲ။

အရိပ်ဆိုတာ
အဲဒီ အတိတ်က လာတာဖြစ်ပြီး
စိတ်နဲ့ အနာဂတ်ထဲ
ခိုတွဲနေတဲ့ အရာလေ
တို့အကြောင်း
တို့ထက် ပိုသိသူလည်း ဖြစ်နေပြန်ရဲ့။

ငါကတော့
ရည်းစားနဲ့ကွဲရင်
စာတွေ မီးရှို့ပစ်သလိုမျိုး
ကိုယ့်အရိပ်ကိုယ်

mgyoe.com

mgyoe.com



အသုံးမလိုတော့ဘူး ထင်တာနဲ့
အဆုံးစီရင်ပစ်ခဲ့တယ်။

ဒါပေမယ့်
ဟိုး... ဝေးဝေးမှာ
ငါထားခဲ့တဲ့ အရိုပ်တို့
တစ္ဆေလို လွင့်မျောလာကြရင်
လွင့်တဲ့ခဏ
ပလတ်စတစ်ကောက် သံချွန်လို အတွေးနဲ့

ဖြည်းဖြည်းချင်း ပေါက်ယူပြီး
ရင်အုံထဲ
ပစ်... ပစ်ထည့်မိတာပဲကွယ်။

mgyoe.com

mgyoe.com


ရထားရေ...
ငါ့ကို သယ်သွားပါတော့၊

mgyoe.com

mgyoe.com

## (တစ်)

အေဒီ
(၆၅) ဆိုတော့
ငါ့မြေရဲ့မဟာဘုတ်တွေ
အသက်ရှူ ကျပ်နေတုန်း ထင်ပါရဲ့။

မန်မလင်းဆိုတာ
ဗန်းမော် တစ်ဖက်ကမ်းက
တစ်နှစ်လုံး
ချမ်းနေတတ်တဲ့ ရွာကလေး။

(အဲဒီတုန်းကတော့)
ယမ်းငွေ့ ခြံပြီး
ရင်ခုန်တတ်တဲ့ တောင်တန်းတွေနား
ခဏ ခဏ
အသက်ရှူမှားရတဲ့ ရွာကလေးပေါ့

mgyoe.com

mgyoe.com



ခွဲခွာစဉ် ငယ်လွန်းလို့
မျက်စိထဲ မြင်ဖူးပြီး
အသိနဲ့ မကြည့်ခဲ့ရဖူးတဲ့
ဇာတိရွာကလေးလည်းဖြစ်တယ်။

ပြီးတော့
ပြက္ခဒိန် ဇယားကွက်တွေထဲ
ဘဝပိုင်ကို
တစ်ခွက်ပြီး တစ်ခွက်ဖြည့်ဖို့
(ငါ့ရဲ့)
နေ့စေ့ လစေ့ ရွာကလေးပါပဲကွယ်။

mgyoe.com

mgyoe.com

## (နှစ်)

ဘဝဟာ
မရခင်
တစ်စုံတစ်ခု ဖြစ်နိုင်တယ်။

ရပြီးရင်တော့
ဒီထက်ပိုတဲ့ အဖြစ်တွေထဲ
ရင်ခုန်နေရတာပဲ မဟုတ်လား။

မိဘ နှစ်ပါးရဲ့
လျှာနဲ့သွား ပဋိပက္ခဟာ
ငါ့ဘဝအပေါ်
မုန်တိုင်းတစ်ခုလို ကျလာချိန်
ငါ့ဇီဝအိမ်
တစ်နှစ်သားလေ။

လှပတဲ့
အိမ်ထောင်ရေးကို ထုဆစ်ဖို့
(သူတို့)
စိတ်ကူး စိတ်သန်းတွေ
ပါးလျခဲ့တာပဲ ဖြစ်မယ်။

mgyoe.com

mgyoe.com


မုန့်တိုင်းစဲတော့
(အဖေနဲ့ အမေ)
ပစ္စည်းတွေ ခွဲနေကြတော့တယ်။
အိမ်ထောင်မှု
ဘုရားတည်
ဆေးမင်ရည် စုပ်ထိုး... တဲ့။

ကျေးလက် သင်ရိုးတွေ
မကျေညက်ခဲ့တဲ့ အမေဟာ
(နောက်ဆုံး)
ဇရာဝတီ အားကိုးပြီး
မြစ်ရိုးအတိုင်း စုန်ဆင်းခဲ့ပေါ့။

ခေါင်းပေါ်မှာ အဝတ်ထုပ်
(ငါ့ကို)
ရင်ခွင်ထဲထည့်ပြီး လက်နဲ့ပုတ်လို့
အမြွှာဖြစ်လာမယ့် ငါ့ညီတွေကို
ဝမ်းနဲ့ လွယ်လာခဲ့ရတယ်။

ဒီအကြောင်းတွေ
နောက်မှ ပြန်သိရပြီး
အရင်ဆုံးတွေးမိတဲ့အခါတိုင်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


(ဒီတုန်းက)
တို့သားအမိတစ်တွေကို
အဖေ့ထက် ပိုချစ်သူဟာ
ဧရာဝတီပဲဖြစ်မယ် ထင်မိတယ်။

ကြည့်လေ
အမေ့ မျက်ရည်ပူတွေ
သူ့ကျောပေါ် ပြုတ်ကျတာတောင်
မသိဟန်ဆောင်နေခဲ့တယ်။

mgyoe.com

mgyoe.com


(ပြီးတော့)
သူ မမြင်ဖူးသေးတဲ့
ငါ့ညီတွေကို တွေးပြီး
ရင်လေးနေလို့
သူ့ခြေလှမ်းတွေ နှေးကွေးတာ ဖြစ်မပေါ့။

အို... ချစ်ရဲ့
ငါ့... ဧရာဝတီ
(ဘယ်တော့မှ)
မင့်... နာမည် ငါ မေ့မှာမဟုတ်တော့။

mgyoe.com

mgyoe.com



ဒီတုန်းက
အမေ့ပါးပြင်ပေါ် စီးဆင်းတဲ့
အချစ်မဲ့
အိမ်ထောင်ရေး ချော်ရည်မြစ်ဟာ
ရက်စွဲသစ်တွေ ရေးချင်ရေးနေလိမ့်မယ်။

ဘာပဲဖြစ်ဖြစ်
(အိမ်သစ် တက်ချင်တဲ့
အဖေ့ ခြေထောက်တွေရယ်
အလေးချိန်မဲ့
အမေ့ မာနတွေရယ်)
တို့ အသိုက်အမြုံရဲ့
ရင်တုန်ပန်းတုန် ရက်စွဲကို
ဆုတ်ဖြဲလိုက်တာတော့ သေချာတယ်။

mgyoe.com

mgyoe.com

## (သုံး)


ဘယ်သူဟာ
ဘဝ
စာမျက်နှာဖွင့်ရင်
ပြဋ္ဌာန်းမှု အနိမ့်အမြင့်ကို
ငြင်းပယ်ခွင့် ရနိုင်ကြသလဲ။

ဟသ်ာတ ပုသိမ်သွား
မီးရထားလမ်းပေါ်
ကျောခင်းနေတဲ့ အဘိုးအိုဟာ
အင်္ဂလိပ်ခေတ်လုပ်
သမိုင်းဝင် ရှိုးတံတားကြီးပါပဲ။

mgyoe.com

mgyoe.com


အဲဒီတံတားကြီး
သူ့ဇရာမျက်လုံး ထောင့်ကပ်လို့
လှမ်းကြည့်နေတတ်တဲ့ ရွာဟာ
(ဒါးက... တဲ့)
ငါ့... ဒုတိယ ခိုလှုံရာ။



mgyoe.com

mgyoe.com


တစ်ကြိမ်တည်း
ကလေးနှစ်ယောက် မွေးပေးဖို့
လက်တုန်နေတဲ့ ကြားက
ရွာ ဆေးပေးခန်းဟာ
ငါ့ညီ အမြွှာနှစ်ကောင်ကို
တံငါစောင်ကလေးနဲ့ ပတ်ပြီး
လောကထဲ အရောက်ပို့ပေးနိုင်ခဲ့တယ်။

ကျယ်လွန်းတဲ့
ကျေးလက်ခြံကြီးထဲ
အဘိုးရယ်
အဘွားရယ်
အမေရယ်
ငါရယ်
ငါ့ညီအမြွှာ နှစ်ကောင်ရယ်
ပိုက်ကွန်တစ်လက်ရဲ့ စောင့်ရှောက်မှုကြား
ရိုးသားစွာ လှပခဲ့ပေါ့။

mgyoe.com

mgyoe.com


ဒီရွာမှာ
ဗျည်း, သရ
အပင့် အသတ်တွေအကြောင်း
ခေါင်းလောင်းသံ ချိုမြမြနဲ့
စပြီး
စာလုံး ပေါင်းခဲ့ရတယ်။

မိုးချုပ်ရင်
အိမ်အောက်မှာ ငုတ်တုတ်
ခေတ်ကလည်း ခပ်လှုပ်လှုပ်ရယ်။

ညဆို
မျက်စိမှုန်တတ်တဲ့
သေနတ်တွေကြောင့်
မီးတုတ် မီးခွက်နဲ့ လမ်းထွက်ရတယ်။

mgyoe.com

mgyoe.com


တစ်နေ့
ငါတို့ဆီ ပြန်လာနိုင်ဖို့
အခု
ငါတို့ဆီက ထွက်ခွာရဦးမယ် ဆိုပြီး
စုထားသမျှ ငွေကြေး
တချို့တစ်ဝက်နဲ့
အမေ... မြို့တက်သွားတော့တယ်။

mgyoe.com

mgyoe.com




ငါ့အဘိုးကတော့
မိုးလင်းရင် ကွန်တစ်လက် ထမ်း
ရေထဲက ငါးတွေ ဖမ်းနေတုန်းပေါ့။

အဘိုး ပိုက်ကွန်ကြား ငြိတဲ့
လမ်းမသိ ငါးတစ်ကောင်တလေဟာ
ငါ ဖြစ်လာမလားလို့
(ဒီတုန်းက)
ဘယ်တွေးမိပါ့မလဲကွယ်။

အမေကတော့
ဘဝကို တစ်ယောက်တည်း တိုက်ရင်
အငိုက်မိမှာ စိုးလို့ထင်ပါရဲ့။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


အမေ့ရဲ့
ဒုတိယ အိမ်ထောင်ဖက်ဟာ
သူ့ကားကို
သူကိုယ်တိုင် မောင်းတတ်သတဲ့။
ရွာကနေ ငါတို့ကြားရတယ်။

အရှေ့ဘက်မှာ ရထားလမ်း
အနောက်ဘက်ကျတော့ မြစ်
ပိုက်ထောင် ကွန်ပစ် ဈေးရောင်းနဲ့
(ဘဝကို)
ကုန်းကြောင်းလျှောက်သူတို့ နေထိုင်ရာ
အဲဒီရွာကလေးထဲ
အမေ လှမ်းပို့တဲ့
နို့ဆီတွေ ထမင်းနဲ့နယ်စား
အမေ့ အစ်မကြီးရဲ့
ထောက်ပံ့သမျှတွေ ဝတ်ဆင်လို့
(ဘဝကို)
မနာကျင်တတ်ခဲ့ပြန်ဘူး။

mgyoe.com

mgyoe.com


အစေ့ ကြဲသူထက်
မြေကြီးက
သစ်ပင်ကို ပိုချစ်သလိုမျိုးလို့
အမေ့ကို
ဒီလို ငါမြင်ပါရဲ့။

mgyoe.com

mgyoe.com

## (လေး)

မှတ်မှတ်ရရ
ပထမတန်း ဖြေပြီးစပေါ့။

နွေဟာ
အိမ်ခေါင်မိုးတွေကို ကုတ်ခြစ်
သက်ငယ်တွေနဲ့
ရန်ဖြစ်နေကြရဲ့။

ဘဝများ
ရွာ ဘုရားပွဲမှာ ပြသွားတဲ့
မျက်လှည့်အတိုင်းပါပဲကွယ်။

ဒုတိယတန်း တက်တော့
(ရန်ကုန်)
ထီရိုး ဝင်းထဲက ကျောင်းမှာ။

mgyoe.com